# ကျင့်ဝတ်နှင့်မညီညွတ်ခြင်းများအား ထုတ်ဖော်အသိပေးခြင်း

## ၁။ ရည်ရွယ်ချက်

ရှေ့ဂဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်သည် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုတို့ကို အခြေခံပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား ဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းတစ်ဦးဦးသည် ကျင့်ဝတ်အားဖောက်ဖျက်ပြီး မသမာမှု ဆောင်ရွက်ခြင်း (သို့မဟုတ်) မှားယွင်းစွာဆောင်ရွက်ခြင်း (သို့မဟုတ်) လုပ်ဆောင်ရန်ကြံစည်နေခြင်း များအား အထောက်အထားခိုင်လုံစွာသိရှိပါက သတင်းထုတ်ဖော်အသိပေးရန်ဖြစ်ပါသည်။

## ၂။ အကျုံးဝင်သူများ

ရှေ့ဂဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်တွင် တာဝန်ထမ်းဆောင်နေသည့် အမြဲတမ်းခန့်ထားသည့်ဝန်ထမ်းများ၊ စာချုပ်ဖြင့်ခန့်ထားသည့်ဝန်ထမ်းများ၊ အချိန်ပိုင်းဝန်ထမ်းများ မည်သည့်ရာထူးအဆင့်မဆို အကျုံးဝင်ပါသည်။

## ၃။ ထုတ်ဖော်အသိပေးခြင်း

ထုတ်ဖော်အသိပေးတိုင်ကြားသူသည် လူ့စွမ်းအားအရင်းအမြစ်ဌာနတာဝန်ခံထံသို့လည်းကောင်း၊ အမှုဆောင်အရာရှိချုပ်ထံသို့လည်းကောင်း အသိပေးတိုင်ကြားရပါမည်။ တိုင်ကြားစာလက်ခံရရှိပါက အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

` ၃.၁ လူ့စွမ်းအားအရင်းအမြစ်ဌာနတာဝန်ခံမှ တိုင်ကြားစာ လက်ခံရရှိပါက အမှုဆောင်အရာရှိချုပ်ထံသို့ တင်ပြရမည်။

၃.၂ အမှုဆောင်အရာရှိချုပ်မှ တိုင်ကြားချက်အားစစ်ဆေးရန် လက်ခံပါက သင့်တော်သောပုဂ္ဂိုလ်များဖြင့် စုံစမ်းစစ်ဆေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၃.၃ စုံစမ်းစစ်ဆေးရေးကော်မတီသည် ဖြစ်စဉ်တွင်ပါဝင်ဆက်နွယ်သူများအားလုံးကို လိုအပ်သလို စစ်ဆေးနိုင်သည်။ ဖြစ်စဉ်နှင့်ဆက်စပ်သည့် လိုအပ်သည့်အထောက်အထား၊ သက်သေခံများ၊ ထွက်ဆိုချက်များကို ရယူရမည်။

၃.၄ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအား အမှုဆောင်အရာရှိချုပ်ထံသို့ အမြန်ဆုံးတင်ပြရမည်။

၃.၅ အမှုဆောင်အရာရှိချုပ်မှ ဖြစ်စဉ်သည် ဘဏ်၏စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူရန်လိုအပ်ပါက သက်ဆိုင်ရာဝန်ထမ်းအား ထိုက်သင့်သောပြစ်ဒဏ်ကို ချမှတ်ရမည်။

၃.၆ ဖြစ်စဉ်သည် ဘဏ်၏စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူရန်လုံလောက်မှုမရှိဘဲ တရားဥပဒေအရ အရေးယူရန်လိုအပ်သည်ဟု သုံးသပ်ပါက ဥပဒေကျွမ်းကျင်သူပညာရှင်များထံမှ အကြံဉာဏ်ရယူပြီး ဘဏ်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရယူ၍ တရားစီရင်ရေးနည်းလမ်းအတိုင်းဆောင်ရွက်ရမည်။

## ၄။ တိုင်ကြားသူ၏ တာဝန်

ထုတ်ဖော်အသိပေးတိုင်ကြားသူသည် အောက်ပါအချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄.၁ ထုတ်ဖော်အသိပေးတိုင်ကြားသူသည် မိမိ၏အမည်အား ပြည့်စုံစွာ ဖော်ပြရမည်။

၄.၂ တိုင်ကြားသည့်အကြောင်းအရာသည် မှန်ကန်ရမည်ဖြစ်ပြီး သက်သေအထောက်အထား ခိုင်မာစွာတင်ပြနိုင်ရမည်။

၄.၃ တစ်ဦးတစ်ယောက်၏အကျိုးစီးပွါးပျက်ဆီးစေရန် ရည်ရွယ်ချက်ဖြင့် မမှန်မကန်တိုင်ကြားခြင်း မပြုလုပ်ရပါ။

၄.၄ တိုင်ကြားမှုအား စုံစမ်းစစ်ဆေးချိန်တွင်လည်းကောင်း (သို့မဟုတ်) တရားစွဲဆိုသည့်အခါတွင် လည်းကောင်း သက်သေအဖြစ်ထွက်ဆိုရမည်။

## ၅။ ထုတ်ဖော်အသိပေးမှုများ

ထုတ်ဖော်အသိပေးမှုများတွင် ဥပမာအားဖြင့် အောက်ပါအချက်များပါဝင်ပါသည်။

၅.၁ ဘဏ်ပိုင်ပစ္စည်းများအား ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခြင်း၊ ခိုးယူခြင်း

၅.၂ မိမိ၏ရာထူး၊ လုပ်ပိုင်ခွင့်ကို လွဲမှားစွာအသုံးပြုခြင်း၊ နိုင်ထက်စီးနင်းဆက်ဆံခြင်း၊ မလျော်သြဇာအသုံးပြုခြင်း။

၅.၃ မရိုးဖြောင့်သော သဘောဖြင့် ဘဏ်နှင့်ဆက်သွယ်သည့် Customer များအားဆက်သွယ်ခြင်း၊ ဆက်ဆံခြင်း။

၅.၄ မိမိ၏အကျိုးစီးပွါးအတွက် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သည့် Stakeholder (Customers, Clients, Candidates) များထံမှ တန်ဖိုးကြီးမြင့်သည့် လက်ဆောင်များ ရယူခြင်း။

၅.၅ ဘဏ်မှချမှတ်ထားသည့် ညွှန်ကြားချက်များကို ချိုးဖောက်ခြင်း၊ Password အား အခြားသူများသို့ အသိပေးခြင်း။

၅.၆ ဘဏ်၏လျှို့ဝှက်သတင်းအချက်အလက်များအား အခြားမသက်ဆိုင်သူများသို့ အသိပေးခြင်း၊ သတင်းပေးပို့ခြင်း(စာဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ Social Media များဖြင့် လည်းကောင်း)။

၅.၇ ကျား၊မ အသားအရောင်၊ လူမျိုး၊ ဒေသ ၊ ကိုးကွယ်ရာဘာသာ စသည့်များအား ခွဲခြား ဆက်ဆံခြင်း။

**၆။** တိုင်ကြားသူအား အကာအကွယ်ပေးခြင်း

ထုတ်ဖော်အသိပေးတိုင်ကြားသူသည် ဘဏ်၏အကျိုးစီးပွါးအား ကာကွယ်ရန်အတွက်တိုင်ကြားသည် ဖြစ်ရာ အသိပေးပြောကြားမှုများအား လျှို့ဝှက်အဆင့်သတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အသိပေး တိုင်ကြားသူ၏ အမည်၊ကိုယ်ရေးအချက်အလက်များအား စုံစမ်းစစ်ဆေးမှုမပြုလုပ်သည့်အချိန်ထိ ထိန်းသိမ်း သွားမည်ဖြစ်ပါသည်။